လှိုင်ဆမ်ဆစ် စာပေရပ်ဝန်းက စီစဉ်ထုတ်ဝေသည်။

မောင်စိန်ဝင်း (ပုတီးကုန်း)

.....ကောင်းမလေး ခမျာ၊ လရောင်ကိုကြည့်
ခုံတန်းကလေးတွေကြည့်နဲ့ ဆွေးကျန်ခဲ့ရော။
တက္ကသိုလ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့
ပုံပြင်တွေပါ ကိုသောင်လတ်ရယ်။ အဲဒီပုံပြင်
တွေထဲက ပုံပြင်လေးတစ်ပုဒ်တော့မဖြစ်
ပါရစေနဲ့ ရှင်....

# ပန်းတောမှာကြွေနေသည်

## အပိုင်း (၁)

### (၁)

သိပ်ပြီးခံစားနေရသလားတဲ့ …

ငုံ့ထားသည့် ခေါင်းကိုမော့စဉ် ကြင်နာကြည့်ကို တွေ့၏။ စီးသွယ်လိမ့်ဆင်းဆဲ မျက်ရည်ဥကို ပါးပေါ်မှာ မြင်သည် ။ ငိုပစ်လိုက်လျှင် ရင်ထဲ ပေါ့သွားမယ် ထင်တယ်ဟု ထပ်ပြော၏။

အကြည့်ကိုလွှဲ၍ ဇာပဝါပါးအောက်မှ မျက်နှာနုကို စိုက်ကြည့်မိ ပြန်သည် ။ တည်ငြိမ် ငြိမ်းချမ်းစွာ အရာရာကို မေ့ရက်လေပြီလားဟု ရင်နင့်စွာ တွေးမိရင်း ဆို့တက်လာ၏။

အနည်းငယ်တွန့်၍ အပေါ်သို့ တက်နေသည့် နှုတ်ခမ်းကို သေချာစွာ ကြည့်မိပြန်သည် ။

ထောင့်စွန်းမှ သေးငယ်ထင်ရှားသည့် မှဲ့ကလေးသည် အလျင်ကအတိုင်း။

ဇာပဝါပါးကိုလှပ်၍ ပါးပြင်ကို လက်ဖြင့်ထိတွေ့ပွတ်သပ်မိစဉ် အေးစက်သော အတွေ့သည် နှလုံးသားအထိ စိမ့်ဝင်၍ ..ကြွေရယ်ဟု လှိုက်လှဲဆို့နစ်စွာ တမ်းတသံသည် ရင်ထဲမှ နှုတ်ဖျားဆီသို့ မရောက်ဖြစ်။ နဖူးကို ယုယစွာ ငုံ့ နမ်းမိသေးသည် ။

ဘေးပတ်ဝန်းကျင်မှ ဆူညံပြောဆိုသံများကို နားမှ ဝိုးဝါးသာ ကြား

သည်။

ဒူးထောက်ထိုင်ချကာ ပခုံးပေါ်သို့ တင်လာသည့် လက်တဖက်ကို သတိပြုမိရင်း မျက်နှာကို ဘေးတိုက်ကြည့်လိုက်မိ၏။

စကားများ စွာ ပြောနေသည့် ရီဝေဆဲ မျက်ဝန်းအစုံကိုတွေ့သည်။

တင်ထားဆဲ လက်ကို မရုပ်သေး။

"ကြွေ..ကိုယ့်ကို တကယ်ခွဲသွားပြီ သူဇာရယ်"

တွဲခိုနေသည့် မျက်ရည်ပူတစ်စက် ကြွေပြုတ်လျက် ပါးပြင်ပေါ်သို့ ကျသွားသည်။

ရှိုက်သံမျှဉ်းမျှဉ်းကို သူဇာ့ထံမှ ကြားရ၏။

အရာရာကို ဘယ်လို မေ့ရနိုင်ပါ့မလဲ ကြွေရယ်...

ကျွမ်းမြိုက်ပူလောင်ဆုံး ခံစားမှုဟု ဘာသာသိလိုက်သည်။

***

ရက်မလည်ခင် ခွင့်ထပ်တင်ရန်အတွက် ရုံးကိုရောက်၏။ သူ့ကိုမြင်တော့ မြသူဇာက နေရာမှ ထပြီး သူ့ဆီလာသည်။

"ညကတောင် သူဇာ ကူးလာဦးမလို့၊ မေမေကသွားတော့ သူဇာ အိမ်စောင့် ကျန်ခဲ့ရတယ်လေ၊ မမကြွေ ဖေဖေနဲ့ မေမေကရက်လည်ပြီးအထိနေမှာ မဟုတ်လား"

"ဟုတ်တယ် သူဇာရယ်၊ ရက်လည်အထိတောင် သူတို့ မနည်းနေကြရမှာ၊ ဟိုမှာ က အငယ်တွေ ကျန်ခဲ့သေးတာပဲ၊ နောက်ပြီး လက်လုပ်လက်စားဆိုတော့..."

သူဇာက နားလည်စွာ ခေါင်းညိတ်သည် ။

"စိတ်မကောင်းဘူး ကိုအောင်လတ်ရယ်၊ ကြွေဖြစ်သွားတာက ရတ်တရက်ကြီး ဆိုသလိုပဲ၊ ဟိုတစ်လောက တိုက်ဖွိုက်ဖြစ်တယ် ကြားပြီး ပြန်သက်သာသွားပြီဆိုတော့ ကျွန်မတို့ က ရုံးတက်တော့မလာလို့ မျှော်နေတာ"

ကြွေနှင့် တစ်ခန်းတည်း မသက်မွန်က လာပြီးပြော၏။

"အစားမှားသွားတယ် ပြောတယ်ဗျာ"

တိုတိုပဲ ပြန်ပြောဖြစ်သည် ။

ဆရာဝန်ပြောသည့် စကားတို့ ကို အတိုင်းသား ပြန်ကြားယောင်ရင်း ဆောက်တည်ရာမရ ဖြစ်ရသည် ။

ကြွေနှင့်ပတ်သက်သည့် အရာရာတိုင်းသည် လွမ်းမောဖွယ်ဖြစ်အောင် တ,သဖွယ် ဖြစ်အောင် ဖန်တီးနေဆဲ၊ ရင်သည် လောင်မြိုက်ဆဲ။

"ပြန်ဦးမယ်ဗျာ"

နှုတ်ဆက်ပြီး လှည့်အထွက် ကြွေထိုင်နေကျစားပွဲကို ဖြတ်ကျော်စဉ် ကုလားထိုင်ပေါ်၌ ကြွေကို အရင်အတိုင်း မြင်ယောင်နေ၏။

ဖုန်တက်နေသည့် ဖိုင်တွဲတို့ တွင် ကြွေ၏ သေးသွယ်ဝိုင်းစက်သည့် လက်ရေးကလေးများ ရှိနေဦးမည်ဟု ခန့်မှန်းကြည့်သည် ။

ရုံးအပြင်၌ နေသည် ချစ်ချစ်တောက်အောင် ပူလောင်နေဆဲ။

*

(၂)

ညော့်သည် တွေကို ဘူတာပို့ပြီး အိမ်ပြန်၏။

ခြံဝရောက်သည် နှင့် ကြွေ၏ လှုပ်ရှားဟန်ကို ပြန်မြင်သည် ။ အိမ်ရှေ့ သရက်ပင် ငယ်နှစ်ပင်ကို တန်းတားသည့် သွပ်ကြိုးတန်းမှာ အဝတ်လှမ်းနေသည့် ကြွေ၏ သဏ္ဍာန် ကို အမြင်အာရုံမှာ တွေ့၏။

ခြံထောင့် ရေတွင်းဘေးက အုတ်ခုံမှာ အဝတ်လျှော်နေတတ်သည့် ကြွေကို အာရုံမှာ ထင်၏။

ခြံဝင်းဝတံခါးကို ဖွင့်ဝင်လိုက်သည် ။

"ကိုကိုရေ…ကြောင်အိမ်ထဲက ထမင်းကို အလျင်စားလိုက်နော်၊ နေဦး.. နေဦး ကြွေပဲ လာပြီး ထမင်းခူးပေးမယ်" ဟူ၍ လည်ကောင်း… "ကိုကိုရေ..လုံချည်အဟောင်းနဲ့ စွပ်ကျယ်တန်းပေါ်မှာ ရှိတယ်နော်၊ အရင်လဲလိုက်ပါဦး"

တစ်ခုခု လုပ်နေရာမှ သူ့ကိုမြင်လျှင် လှမ်းအော်နေကျ ကြွေ၏ အသံကိုနားမှာ ရစ်ဝဲ ကြားယောင်သည် ။

ကြည့်စမ်း..အခုတော့ အရာရာသည် အိပ်မက်လို ဝိုးဝါးမှုန်ရီနိုင်လွန်၏။

ခြံဝင်းသည် ကြွေမရှိတော့၍ သွေ့ခြောက်ဆိတ်ငြိမ်နိုင်လွန်း၏။

ဝင်းတံခါးကို ပြန်ပိတ်စဉ် ကျီခနဲ မြည်သံသည် မကောင်းဆိုးဝါးသံ တမျှ နားဝမှာ ကျယ်လောင်သည် ထင်၏။

ရင်ကို တုန်လှုပ်ချောက်ချားစေ၏။

လှမ်းထားနေကျ အဝတ်တို့ မရှိသော သွပ်ကြိုးတန်းပေါ်မှာ စာက လေးနှစ်ကောင် နားနေသည် ကို မြင်သည် ။

ရေတွင်းဘေးကို အမှတ်မထင် ကြည့်မိသေး၏။

ကြွေရယ်ဟု တင်းကျပ်မှုမှ ပေါက်ကွဲပွင့်အန်လာသည့် အသံရင်တွင်း မှာ လှိုူသည် ။

အိမ်လှေကားကို လှမ်းအတက် တဖက်အခန်းကို ငဲ့ကြည့်မိ သေးသ ည် ။ သူဇာ့ အမေဒေါ်သိန်းသည် အိမ်ကပြင်မှာ အိပ်ပျော်ဟန်ရှိသည် ။ သူဇာက ရုံးသွားပြီး သူဇာ့မောင် အတွတ်က ကျောင်းသွာသည် ဖြစ်၍ ဆိတ်ငြိမ်နေသည် ။

တံခါးကို သော့ဖွင့်၍ အိမ်တွင်းဝင်လိုက်၏။

***

မျက်နှာသုတ်ပဝါဖြင့် ချွေးသုတ်စဉ် ကြွေ့ကိုယ်နံ့ကို ရသည် ထင်၏။ ကြွေသုတ်ခဲ့သော ပဝါပါလားဟု သိလိုက်သည် ။

လမ်းကို မျက်နှာမူ ချထားသော ပက်လက်ကုလားထိုင်မှာ ထိုင်လျက် ဆေးပေ့ါလိပ်ကို ဖွာသည် ။ အနားရောက် လာပြီး ဆေးလိပ်ပြာခွက်ကို ချပေးတတ်ပါ လားဟု သတိရပြန်၏။

ထိုစဉ် အေးဝင်းရေ.. အေးဝင်းရေ..ဟု အိမ်ရှေ့ခြံမှ ကလေးများ အော်ဟစ်ခေါ်သံကြားရသည် ။

အမှတ်မထင်ပင် မိမိသူငယ်ချင်း အေးဝင်းကို သတိရလိုက်မိ၏။

အေးဝင်းနှင့် ပတ်သတ်ပြီး သူ ကြွေ့ကို သိခဲ့ရသည် ။

သက်ပြင်းကို မှုတ်ထုတ်၍ ဆေးလိပ်ပြာကို လက်ဖြင့်တောက်ခြွေလိုက်သည် ။ အရာရာသည် ထင်ရှားပြတ်သားလာ၏။

*